## ပြန်လည်ပြုပြင်ပေးမှုသည် ကလေးသူငယ်များအဖြစ် လိင်ပိုင်းအရ မတော်မတရား ပြုကျင့်ခံခဲ့ရသူများအပေါ် ကျရောက်ခဲ့သော ဘေးအန္တရာယ်များကို အသိအမှတ်ပြုခြင်းနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများကို ထိုကိစ္စအတွက် တာဝန်ယူစေခြင်းနှင့်ပတ်သက်သည်

Redress Support Services သည် အခမဲ့ဖြစ်ပြီး အချုပ်အချယ်ကင်းမဲ့သည်။ ၎င်းတို့က အောက်ပါတို့ကို လုပ်ပေးနိုင်သည်။

- အရည်အချင်းပြည့်မီမှုဆိုင်ရာ အချက်အလက်များကို ပြောပြ၍ အခြားရွေးချယ်လုပ်ကိုင်နိုင်စရာများကို ပြောဆိုဆွေးနွေးခြင်း၊
- သင့်လျှောက်လွှာကို ကူညီဖြည့်စွက်ပေးခြင်း၊
- စိတ်ပိုင်းအရ ကူညီပံ့ပိုးပေးခြင်း၊
- သင့်ကိုယ်စား National Redress Scheme နှင့် ပြောဆိုဆွေးနွေးပေးခြင်းတို့ဖြစ်သည်။

မသန်မစွမ်းသူများ၊ ပြုစုစောင့်ရှောက်ပေးသူများနှင့် ယခင် ကလေးအရွယ်တွင် ရွှေ့ပြောင်းလာ နေထိုင်ကြသူများတို့အပါအဝင် ယဉ်ကျေးမှုပေါင်းစုံ နောက်ခံရှိကြသူများအတွက် အထူးသီးသန့် ဝန်ဆောင်မှုများကို ရရှိနိုင်ပါသည်။

## National Redress Scheme ကို ဆက်သွယ်ပါ

သင် ရွေးချယ်စရာများအကြောင်းကို ပိုမိုသိရှိရန် သို့မဟုတ် Redress Support Services နှင့် ချိတ်ဆက်ရန် **1800 737 377** ကို ဖုန်းဆက်ပါ

တနင်္လာနေ့မှ သောကြာနေ့၊ AET စံတော်ချိန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဆက်သွယ်နိုင်သည်

မြန်မာဘာသာစကားဖြင့် အကူအညီရရန်အတွက် Translating and Interpreting Service (ဘာသာပြန်နှင့် စကားပြန်ဝန်ဆောင်မှုဌာန) **131 450** ကို ဖုန်းဆက်ပါ

Interpreter

**သို့မဟုတ် nationalredress.gov.au ၌ကြည့်ပါ**

National
**Redress Scheme**

DSS2984.0623

Australian Government

# National
# Redress Scheme

## အဖွဲ့အစည်းများတွင် ကလေးသူငယ်များအဖြစ် လိင်ပိုင်းအရ မတော်မတရား ပြုခံခဲ့ကြရသူများအပေါ် ကျရောက်ခဲ့သော ဘေးအန္တရာယ်ကို အသိအမှတ်ပြုခြင်း

Burmese

## တစ်နိုင်ငံလုံးဆိုင်ရာ ပြန်လည်ပြုပြင်ပေးမှု အစီအစဉ်ဆိုသည်မှာ အဘယ်နည်း။

အဖွဲ့အစည်းများက ကလေးသူငယ်များအပေါ် လိင်ပိုင်းအရ မတော်မတရား ပြုခံကြခြင်းကို တော်ဝင်ကော်မရှင်က စုံစမ်းပြီးနောက် ဩစတြေးလျား နိုင်ငံတော်အစိုးရက တုံ့ပြန်မှုအဖြစ် တစ်နိုင်ငံလုံးဆိုင်ရာ ပြန်လည်ပြုပြင်ပေးမှု အစီအစဉ်ကို ထူထောင်ခဲ့သည်။

Royal Commission သည် ငါးနှစ်အတွင်း သတ္တိရှိသော လူပေါင်း တစ်သောင်းခြောက်ထောင် (၁၆ ၀၀၀) တို့ထံမှ ၎င်းတို့ အဖွဲ့အစည်းများတွင် နေထိုင်ခဲ့စဉ် ဖြစ်ပွားခဲ့သည့် လိင်ပိုင်းပြုကျင့်မှု အတွေ့အကြုံများကို ကြားနာခဲ့ပါသည်။

## 'အဖွဲ့အစည်းများက ကလေးသူငယ်များအပေါ် လိင်ပိုင်းအရ မတော်တရား ပြုကျင့်ခဲ့မှု' ဆိုသည်မှာ အဘယ်နည်း။

အဖွဲ့အစည်းဆိုင်ရာ ကလေး လိင်ပိုင်းပြုကျင့်မှု (Institutional child sexual abuse) ဆိုသည်မှာ အဖွဲ့အစည်းတစ်ခု၏ ပရဝုန်ပေါ်တွင် သို့မဟုတ် အဖွဲ့အစည်းက ကျင်းပသည့် အခင်းအကျင်းနေရာများတွင် သို့မဟုတ် အဖွဲ့အစည်း၏ ဝန်ထမ်းကပြုကျင့်ခြင်းကြောင့် လူတစ်ဦးသည် ကလေးအဖြစ်ဖြင့် လိင်ပိုင်းပြုကျင့်ခံခဲ့ရသည်ဟု ဆိုလိုသည်။ အဖွဲ့အစည်း ဆိုသည်မှာ ကျောင်း၊ ခရစ်ယာန် ဘုရားကျောင်း၊ ဗလီ၊ ဘုန်းကြီးကျောင်း၊ ဂျူးဘုရားကျောင်း၊ မစ်ရှင်အဖွဲ့အစည်း၊ မိဘမဲ့ဂေဟာ၊ ကလေးမွေးစား အိမ်၊ ဆေးရုံ၊ ထိန်းသိမ်းရေးစခန်း သို့မဟုတ် အားကစား အသင်းကဲ့သို့သော အဖွဲ့အစည်းတစ်ခုဟု အဓိပ္ပါယ်ရသည်။

## ပြန်လည်ပြုပြင်ပေးမှုအတွက် မည်သူတို့က လျှောက်ထားနိုင်သနည်း။

နစ်နာဆုံးရှုံးမှုပြန်ကုစားရေးကို သင် အောက်ပါကိစ္စ၌ လျှောက်ထားနိုင်သည်-

- သင်သည် အသက် 18 နှစ် အောက်ရှိခဲ့စဉ်က လိင်ပိုင်းအရ မတော်မတရား ပြုကျင့်ခံခဲ့ရက၊
- သင်သည် 2010 ခုနှစ်၊ ဇွန်လ 30 ရက်နေ့ မတိုင်မီ မွေးဖွားခဲ့၍၊
- ယင်းမတော်မတရားမှုသည် သင် အဖွဲ့အစည်းတစ်ခုခုတွင် 2018 ခုနှစ် ဇူလိုင်လ 1 ရက်နေ့မတိုင်မီ နေထိုင်ခဲ့စဉ် ဖြစ်ခဲ့ပြီး၊
- ပြန်လည်ပြုပြင်ပေးမှုအတွက် လျှောက်ထားချိန်တွင် သင်သည် ဩစတြေးလျားနိုင်ငံသား သို့မဟုတ် အမြဲတမ်းနေထိုင်သူဖြစ်သည်။

သင့်အခြေအနေများအပေါ်မူတည်၍ ရထိုက်ခွင့် စည်းမျဉ်းများ သက်ဆိုင်နိုင်သည်။

## ပြန်လည်ပြုပြင်ပေးမှုအတွက် လျှောက်ထားခြင်း

လူများအနေဖြင့် နိုင်ငံလုံးဆိုင်ရာ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး အစီအစဉ် (National Redress Scheme) ကို စာရွက်လျှောက်လွှာ ဖြည့်ခြင်းအားဖြင့် သို့မဟုတ် myGov မှတစ်ဆင့် အွန်လိုင်း လျှောက်လွှာပုံစံ ဖြည့်ခြင်းအားဖြင့် လျှောက်နိုင်သည်။

လူအများသည် လျှောက်လွှာတင်ခြင်း၊ ပုံစံဖြည့်စွက်ရေးအတွက် အကူအညီရယူခြင်း၊ သို့မဟုတ် ကမ်းလှမ်းချက်ကို စဉ်းစားခြင်းတို့ အတွက် တစ်စုံတစ်ဦးနှင့် ဆွေးနွေးမေးမြန်းခြင်းက အထောက်အကူ ဖြစ်သည်ကို တွေ့ရှိကြရသည်။ နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ပံ့ပိုးမှု ဌာနများ (Redress Support Services) သည် လုံခြုံသောအနေအထား ဖြင့် အခမဲ့နှင့် လျှို့ဝှက်လုပ်ပေးသည့် ပံ့ပိုးမှုကို ပံ့ပိုးပေးသည်။

## နစ်နာဆုံးရှုံးမှုပြန်ကုစားရေး ချပေးခြင်းဆိုသည်မှာ အဘယ်နည်း။

ပြန်လည်ပြုပြင်ပေးမှုကို ကမ်းလှမ်းပေးနိုင်ပုံတို့မှာ၊

- ငွေထုတ်ပေးခြင်း၊
- လျှို့ဝှက်မှုရှိ၍ မိမိ၏ ယဉ်ကျေးမှုပုံစံနှင့်လည်း လိုက်ဖက်ညီညီ နှစ်သိမ့်ဆွေးနွေးပေးခြင်း၊
- တောင်းပန်ခြင်းကဲ့သို့သော အဖွဲ့အစည်းမှ ကိုယ်ရေးကိုယ်တာ တိုက်ရိုက် တုံ့ပြန်ခြင်းတို့ဖြစ်သည်။